## အမှာစကား

လူ့ဘဝဇာတ်ခုံပေါ်ရောက်လာရင် မလွဲမသွေကြုံတွေ့ရမှာက– နေရေးနဲ့သေရေး။ မသေခင်နေရေး, နေပြီးတဲ့နောက်သေရေးပေါ့။ ဒီအရေးနှစ်ခုကလွဲလို့ တခြားဘာမှမရှိ၊ ဘယ်သူမဆို နေရေးအတွက်ကြိုးစားကြသလို သေရေး–ကိုလည်းမေ့ထားလို့မဖြစ်။ လောကမှာ လူသားတိုင်းနဲ့ဆက်ဆံတဲ့ အရာတွေကိုကြည့်ရင်–– **(ကုသိုလ်အကုသိုလ်ကံ။ လောကဓံတရားရှစ်ပါး။ မိဘနှစ်ပါး။ ဆရာသမား။ သေခြင်းတရား။)** လူတိုင်းနဲ့မကင်းတဲ့ဒီငါးပါး။ "သဗ္ဗမနုဿသာဓာရဏ" (ဒါမှမဟုတ်)– "သဗ္ဗသတ္တသာဓာရဏ"လို့ ပြောရမယ့်တရားငါးမျိုး။ ဒီငါးမျိုးမှာ ကျွန်ုပ်အဓိကပြောချင်တာက "သေခြင်းတရား"။

ကျန်တာတွေက– ကျွန်ုပ်ပြောလိုတဲ့သေခြင်းတရားအတွက် အခြံအရံ အသိုင်းအဝိုင်း–လို့ဆိုပါရစေ။ သေခြင်းတရားကိုအဓိကထား တာမို့– တခြားဘယ်အကြောင်းပဲလာလာ နောက်ဆုံးတော့ သေခြင်းဆီကို ဦးတည်ရတာပါပဲ။ အနုပညာဖန်တီးမှုမှာ အခင်းအကျင်း–ဆိုတာလိုအပ်စမြဲပဲ မဟုတ်လား။ တစ်ခါတလေ ကိုယ်ပြောချင်တာကနည်းနည်း။ သိုင်းရဝိုင်းရတာကများများ။ ကိုယ်ပေးနိုင်တာကတစ်ခု,နှစ်ခု။ ခင်းရကျင်းရတာက ဆယ်ခုမက။ စတုဗ္ဗပိုင်းအစမှာလို ကိုယ်ပေးချင်တဲ့နေရာလေးရောက်ဖို့ ခေါင်းစီး သုံး,လေးခုလောက်အထိ– ပန်းပေါ်ထမ်းပြီး သယ်ခဲ့ရတာမျိုးလည်း ရှိတယ်။ (ဝန်မပါလျှင်–ပွဲမစည်)–ဆိုတဲ့စကားအရ ဝန်ထွက်တယ် (ကြော်ငြာဝင်တယ်)လို့ပဲ သဘောထား။ အကယ်၍ ဝန်ကြာလို့ ပွဲအီသွားမယ်ဆိုရင်လည်း ကိုယ်ချင်းစာတရားနဲ့ နားလည်ခွင့်လွှတ်စေချင်တယ်။

ရုပ်ရှင်ဒါရိုက်တာတစ်ယောက်ကပြောတယ်– (ဇာတ်လမ်းတစ်ပုဒ်မှာ ဇာတ်ကောင်နှစ်ယောက်လုံး အငြိမ်ချည်းပဲ–ဆိုရင်လည်း ပရိသတ်က ပျင်းသွားမယ်။ အလှုပ်ချည်းပဲ–ဆိုရင်လည်း မျက်စိနောက်သွားမယ်။ တစ်ယောက်ကငြိမ်ရင် တစ်ယောက်ကလှုပ်မှ သဘာဝကျသတဲ့။) အဲဒါ ကျွန်ုပ်ကြားခဲ့ဖူးတဲ့စကား။ အခုလည်း သေရမှာမကြောက်သူတွေကြားမှာ ကျွန်ုပ်က သေရမှာကြောက်တဲ့သူ။ စိတ်ဓာတ်ရင့်ကျက်သူတွေကြားမှာ ကျွန်ုပ်က စိတ်ဓာတ်မခိုင်မာသူ။ စာပူရေးရင်း, ကွန်ပျူတာစီရင်းနဲ့တောင်မှ (မသာ, အသုဘ, လူသေကောင်, အလောင်းကောင်, အပုပ်ကောင်, ရုပ်ကလာပ်,



သုသာန်, သင်္ချိုင်း)ဆိုတဲ့ စကားလုံးတွေကြောင့် တစ်ကိုယ်လုံးနှံ့ချည့်ပြီး စိတ်တွေပါ လေးလံထိုင်းမှိုင်းခဲ့ရတဲ့အဖြစ်။ စာဖတ်သူများကိုလည်း (သေရမှာကြောက်သည်ဖြစ်စေ, မကြောက်သည်ဖြစ်စေ) ကျွန်ုပ်ပြောတဲ့ သေစကားတွေကြားမှာ ငြီးငွေ့သွားတာမျိုးမဖြစ်စေချင်။

ဒါကြောင့်မို့ – သေရေးသာမက နေရေးကိုပါတင်ပြ။ ဒီအရေးနှစ်ခုကြားမှာလည်း ဘေးစကားတွေညှပ်ထည့်ပြီး မငြီးငွေ့အောင် (ချဉ်ပေါင်လည်းခံ, သံပုရာလည်းရောစွက်လို့) ခပ်သွက်သွက်နဲ့ တင်ပြလိုက်ရတယ်။ သူတစ်ပါးအကြောင်းတင်ပြရာမှာ ကဲ့ရဲ့ရှုတ်ချလိုမှုကင်းသလို ကိုယ့်အကြောင်းကို ဖော်ပြရာမှာလည်း ဟိတ်ဟန်ထုတ်ပြီး လူအထင်ကြီးစေလိုသော ရည်ရွယ်ချက်မျိုးမရှိ၊ စာရေးသူ၏ချွတ်ယွင်းချက်, အားနည်းချက်များကို ရိုးသားစွာနဲ့ ဝန်ခံလိုက်ခြင်းပါပဲ။

ရွာသူရွာသားတွေအတွက် ရွာတုန်းကြီးပုံကို နောက်ခံထားရပေမယ့် လူသားအားလုံးနဲ့သက်ဆိုင်နေတဲ့ သေခြင်းတရား။ အများကမေ့ထားချင်ပေမယ့်– မေ့ထားလို့မဖြစ်နိုင်တဲ့သေခြင်းတရား။ နောက်ဆုံးတစ်နေ့ မလွဲမသွေ သေရမယ့်သူတွေအတွက် သေခြင်းတရားပြောပေးတာဟာ မင်္ဂလာစကားလား, အမင်္ဂလာစကားလား။ များသောအားဖြင့်တော့ သေ–စကားကို အမင်္ဂလာ–လို့ သတ်မှတ်ပြီး။ ပါးစပ်ကလည်းမပြောလို, နားကလည်းမကြားလိုကြ။

ဓနပါလ–ဇာတ်တော်မှာ ဘုရားအလောင်း ရွှေဟင်္သာမင်းက သူ့မိတ်ဆွေဗာရာဏသီမင်းကို–– (မြတ်သောမင်းကြီး မကြောက်ပါလင့်။ ငါတစ်နေ့သေရမယ်–ဟူ၍ သေခြင်းတရားကိုပွားများပါ။ ကုသိုလ်ကောင်းမှုတွေပြုလုပ်ပါ။ မင်းကျင့်တရား (၁၀)ပါးနဲ့အညီအုပ်ချုပ်ပါ)ဆိုပြီး သေခြင်းတရားကိုမမေ့ဖို့ အမြဲသတိပေးတယ်။ ဗာရာဏသီမင်းလည်း သေခြင်းတရားကိုသတိရပြီး ကုသိုလ်ကောင်းမှုတွေကို ခါတိုင်းထက်ပိုလုပ်ဖြစ်သွားတယ်။ သူ့ကိုသတိပေးဖော်ရတဲ့ ရွှေဟင်္သာမင်းကိုလည်း ကျေးဇူးတင်လို့မဆုံးဘူး။ ကိုယ့်မိတ်ဆွေရဲ့ကောင်းကျိုးကို အမှန်တကယ်လိုလားတယ်–ဆိုရင် သေခြင်းစကားပြောပေးရတာ–မင်္ဂလာစကားပါ။ အမင်္ဂလာမဟုတ်ပါဘူး။

အခုလည်း သေရမယ့်လူအားလုံးအတွက်– ကျွန်ုပ်ပြောပေးလိုက်တဲ့ သေခြင်းစကား။ ကိုယ့်အတွေးလည်းပါမယ်။ သူများအတွေးလည်းပါမယ်။



အတ္ထနောမတိ–လည်းပါမယ်။ ဝံမေသုတံ–လည်းပါမယ်။ ကျမ်းညွှန်းတာလည်းရှိမယ်။ မညွှန်းတာလည်းရှိမယ်။ နာမည်ဖော်တာလည်းရှိမယ်။ မဖော်တာလည်းရှိမယ်။ သေပြီးသူများရဲ့အကြောင်းလည်းပါမယ်။ သက်ရှိထင်ရှားပုဂ္ဂိုလ်များရဲ့ စကားတွေလည်းပါမယ်။ သူ့အကြောင်းလည်းပါမယ်။ ကိုယ့်အကြောင်းလည်းပါမယ်။ မှန်တာလည်းရှိမယ်။ မှားတာလည်းရှိမယ်။ လိုတာလည်းရှိမယ်။ ပိုတာလည်းရှိမယ်။ မည်သို့ဖြစ်စေ–––

| | |
|---|---|
| မှားတာရှိလျှင်– | ပြင်ပေးပါ |
| မှန်တာရှိလျှင်– | လက်ခံပါ |
| လိုတာရှိလျှင်– | ဖြည့်စွက်ပါ |
| ပိုတာရှိလျှင်– | ပယ်နှုတ်ပါ ။ |

နောက်ဆုံး– နေရေးနဲ့သေရေးအတွက် စာဖတ်သူမှာ တစ်စုံတစ်ရာ ကျန်ခဲ့သွားတယ်ဆိုရင် ကျွန်ုပ်– စာရေးရကျိုးနပ်ပြီ–လို့ပဲ ပြောပါရစေ။

*အရှင်သိရိက္ခ*